# ကရင်လက်နက်ကိုင်စည်းလုံးညီညွတ်ရေးကော်မတီ

## မြန်မာစစ်တပ်နှင့် ဒီမိုကရေစီအကျိုးပြုတပ်မတော် **DKBA** အကြားဖြစ်ပေါ်နေသည့် တိုက်ပွဲအပေါ် ကရင်လက်နက်ကိုင် စည်းလုံးညီညွတ်ရေးကော်မတီ၏သဘောထားထုတ်ပြန်ချက်

နေ့စွဲ –၁၅/၇/၂၀၁၅

၁။ ကရင်လက်နက်ကိုင်စည်းလုံးညီညွတ်ရေးကော်မတီကို ၂၀၁၂ ခုနှစ်၊ ကေအဲန်ယူ–ကရင်အမျိုးသားအစည်းအရုံး(၁၅)ကြိမ်မြောက်ညီလာခံတွင် ကရင်အမျိုးသားတွင်း လက်နက်ကိုင်ပဋိပက္ခဖြစ်ပေါ်မှုကို ရှောင်ရှားစေရန်နှင့် ကရင်အမျိုးသားအစည်းအရုံး၏ စည်းလုံးညီညွတ်မှုကို တည်ဆောက်သွားနိုင်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့သည်။

၂။ မြန်မာ့တပ်မတော်နှင့် ဒီမိုကရေစီအကျိုးပြုတပ်မတော် DKBA တို့အကြား လတ်တလောတိုက်ပွဲများ ဖြစ်ပေါ်လာနေသည်ကို ကရင်လက်နက်ကိုင်စည်းလုံးညီညွတ်ရေးကော်မတီမှ စိတ်မကောင်းဖြစ်မိပါသည်။

၃။ ယခုဖြစ်ပေါ်လာသည့်တိုက်ပွဲများသည် ဆက်လက်မပြန့်ပွါးစေရေးနှင့် အမြန်ဆုံးရပ်တန့်သွားစေရန် ကော်မတီမှ လုံးဝလိုလားသည်။ လက်ရှိဖြစ်ပေါ်နေသည့်တိုက်ပွဲများ ရပ်တန့်ခြင်းမရှိဘဲ ကျယ်ပြန့်စွာဖြစ်ပေါ်လာပါက မိမိတို့ကရင်လက်နက်ကိုင်အဖွဲ့အစည်းများအတွင်း စည်းလုံးညီညွတ်မှုသော်လည်းကောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တနိုင်ငံလုံးပစ်ခတ်ရပ်စဲရေးလုပ်ငန်းစဉ်များကိုသော်လည်းကောင်း ထိခိုက်လာမည်ကိုလည်း စိုးရိမ်မိပါသည်။

၄။ သို့ဖြစ်၍ ကရင်အမျိုးသားအစည်းအရုံး၏ လမ်းညွှန်မှုဖြင့် မိမိတို့ကော်မတီမှ ကရင်ပြည်နယ်အတွင်း လတ်တလောဖြစ်ပေါ်နေသည့် စစ်ရေးပဋိပက္ခများကို အမြန်ဆုံးရပ်တန့်သွားစေနိုင်မည့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းမှုများကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

ဆက်သွယ်ရန် – ၀၈၇၈၃၈၆၇၈၁
– ၀၉၁၈၇၉၀၈၅၇
– ၀၉၁၈၄၀၄၇၇၅

ကရင်လက်နက်ကိုင်စည်းလုံးညီညွတ်ရေးကော်မတီ

*********